# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၄၂)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၁၀-၁-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

( ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် )

ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် မိဘပြည်သူများခင်ဗျား

ယနေ့ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သော ကချင်ပြည်နယ်၏ (၇၈)နှစ်မြောက် ထူးမြတ်သည့်မင်္ဂလာအခါသမယတွင် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးနဲ့ ကချင်တိုင်းရင်းသား အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံလျက် ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် သွေးသားအရင်းချာပမာ ရင်းနှီး ချစ်ကြည်လေးစားကြလျက် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်မြေ၊ ကိုယ့်ရေ၊

စာမျက်နှာ ၃ သို့





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## တပ်နယ်အတွင်း လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား**

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ သို့

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၁၀ ရက် ၊ စနေနေ့ ။

မန္တလေးနေ့စဉ်

# သစ်တောသစ်ပင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းလျက်ရှိ

မြန်မာနိုင်ငံတွင် မတူညီသော သဘာဝသစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များနှင့် သစ်တောမျိုးစုံ ရှင်သန်ပေါက်ရောက်နေပြီး နိုင်ငံ၏သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးတို့တွင် အရေးကြီးသောကဏ္ဍမှပါဝင်နေသည့်အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်က ချမှတ်ထားသော ဆောင်ပုဒ် ၃ ခုတွင်လည်း နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ဆိုသည့်အချက်ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား အထူးအလေးအနက်ထားမှုကို မီးမောင်းထိုး ဖော်ပြထားပါကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သည် အဆိုပါကဏ္ဍအတွက် လိုအပ်သော ပညာရှင်များအား နှစ်စဉ်မွေးထုတ်ပေးနေသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ကြောင်း၊ သစ်တောပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ တက္ကသိုလ်အဆင့် သစ်တောပညာသင်ကြားမှုကို ၁၉၂၃ ခုနှစ်တွင် စတင်ခဲ့ရာ ၂၀၂၃ နှစ်တွင် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ အစဉ်အလာကြီးမားခဲ့သည့် တက္ကသိုလ်ဖြစ်သည်နှင့်အညီ ယခုပညာရည်ဆည်းပူးရန် ရောက်ရှိလာသော မောင်တို့မယ်တို့အနေဖြင့်လည်း မိမိတို့၏ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ကြိုးစားအားထုတ်စေလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်သည် မရှိမဖြစ်လိုအပ်ကြောင်း၊ အလားတူ လူတစ်ဦးချင်း တိုးတက်အောင်မြင်ဖို့နှင့် လူ့အဖွဲ့အစည်းတိုးတက်အောင်မြင်ရန်အတွက် စည်းကမ်းသည် အခြေခံတစ်ခုဖြစ်သည်နှင့်အညီ မောင်တို့မယ်တို့အနေဖြင့်လည်း စည်းကမ်းကောင်းမွန်ပြီး ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် ကျင့်ကြံကြိုးစားသွားရန် တိုက်တွန်းပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ တက္ကသိုလ်များနယ်မြေ(ရေဆင်း)၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့က ကြိုဆိုနှုတ်ဆက်စကားများ အသီးသီးပြောကြားကြပြီး မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ပထမနှစ်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက ပထမနှစ်မှ ပဉ္စမနှစ်အထိ ပညာရည်ထူးချွန် ပထမဆုရ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဒုတိယဆုနှင့် တတိယဆုရ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ထူးချွန်ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောများ၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး ဂေဟစနစ်အခြေပြု ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများစွာရှိခြင်းကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၅၂၃၃၄ ဧက စိုက်ပျိုးထားရှိပြီး ရာနှုန်းပြည့်ရိတ်သိမ်းခဲ့ရာ ၄၇၄၇၆၃၉ တင်း ထွက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးများ စိုက်ပျိုးရာတွင် နေရာဒေသအလိုက် ပျိုးထောင်စိုက်ပျိုးခြင်းနှင့် အစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်းများဖြင့် ၅၂၃၃၄ ဧက စိုက်ပျိုးထားရှိပြီး ရာနှုန်းပြည့်ရိတ်သိမ်းခဲ့ရာ ၄၇၄၇၆၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

မိုးစပါးများစိုက်ပျိုးရာ၌ ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက် ၁၃၅၆၃ ဧက၊ အစေ့တိုက်ရိုက်ချစိုက် ၂၂၄၇၅ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက် ၄၉၁၁ ဧက၊ အစေ့တိုက်ရိုက်ချစိုက် ၁၀၅၉၂ ဧက၊ သစ်တက္ကနုန်းဆည်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက် ဧက ၁၀၀၊ အစေ့တိုက်ရိုက်ချစိုက် ၃၃၆ ဧက၊ မိုးကောင်းသောက်(မိုးရေ)ဖြင့် အစေ့တိုက်ရိုက်ချစိုက် ၂၄၇ ဧက၊ မြေအောက်ရေ(စက်ရေတွင်း)ဖြင့် ပျိုးထောင်စိုက်ဧက ၁၁၀ စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အနေဖြင့် ဒေသအတွင်း ဆန်၊ စပါး ဖူလုံပိုလျှံရေး တောင်သူများနှင့်ပူးပေါင်း၍ နှစ်စဉ်ရာသီအလိုက် စပါးသီးနှံများ စိုက်ပျိုးလျက်ရှိကြောင်းနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ၌ ဧရာမင်းစပါး ၅၀၂၃၉ ဧက၊ မနောသုခစပါး ၄၅၅ ဧက၊ ရွှေမနော်စပါး ၁၅၆၉ ဧက၊ အောင်နိုင်တိုးစပါး ၂၉ ဧက၊ GW-၁၁စပါး ၄၂ ဧက စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားရပ်ကွက်၊ ဓာတ်ငွေ့စက်ရုံအနီးနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

○ ရှေ့ဖုံးမှ

ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် နှစ်ပေါင်းထောင်ချီ၍ နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း ပြည်ပ၏ လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။ မိမိတို့ တိုင်းရင်းသားအားလုံးသည် တောင်တန်း မြေပြန့်၊ ပြည်နယ် ပြည်မ မခွဲခြားဘဲ တစ်စိတ်တစ်ဝမ်းတည်းသော စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းပြည်၏လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ကြပါသည်။

ထိုသို့လွတ်လပ်ရေးအတွက် အသက်သွေးချွေးပေးဆပ် တိုက်ပွဲဝင်ခဲ့ကြသည့် မျိုးချစ်သူရဲကောင်းများတွင် ကချင်ပြည်နယ်မှခေါင်းဆောင်များနှင့် ကချင်တိုင်းရင်းသားများသည်လည်း စွန့်လွှတ်စွန့်စားစွာ တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်မှာ ပြည်နယ်၏ နိုင်ငံတော်အပေါ် ကောင်းမြတ်သော သမိုင်းကြောင်းတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၊ ပထမဆုံးညီလာခံ အစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ ၁၀ ရက်နေ့ကို **'ကချင်ပြည်နယ်'** နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၇၈) နှစ်မြောက်ရှိပြီ ဖြစ်ပါသည်။

ကချင်ပြည်နယ်မြောက်ပိုင်းရှိ ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီ၊ ဖုန်ကန်ရာဇီ၊ မဒွယ်ရာဇီ စသည့် ရေခဲတောင်များနှင့် ဟူးကောင်းမြေပြန့်လွင်ပြင်တို့တွင် ဘူမိ၊ ရှုပ ထူးခြားသောအခြေအနေများ၊ အဖိုးတန်သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝစွာထွက်ရှိပြီး ပြည်နယ်အတွင်း နေရာဒေသအသီးသီးတွင် ဂေဟစနစ်မျိုးစုံပိုင်ဆိုင်သည့် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်ရှိ မေခမြစ်နှင့် မလိခမြစ်နှစ်သွယ် ပေါင်းဆုံရာမှ တည်ငြိမ်လှပသော ဧရာဝတီမြစ်ကြီးဖြစ်ပေါ်လာခြင်းနှင့်ယှဉ်တွဲ၍ မြင့်မားမတ်စောက်သော တောင်တန်းကြီးများနှင့် စိမ်းလန်းသော သစ်တောများသည်လည်း ပြည်နယ်၏ ထူးခြားလှပမှုများပင် ဖြစ်ပါသည်။ ကချင်ပြည်နယ်အတွင်း ဂျိမ်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး အစရှိသည့် ကချင်မျိုးနွယ်စုများ စုပေါင်းနေထိုင်ကြပါသည်။ ထို့ပြင် ရှမ်းမျိုးနွယ်စုအချို့နှင့် ဗမာတိုင်းရင်းသားအပါအဝင် အခြားတိုင်းရင်းသားတို့သည်လည်း အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကျင်းပသော မနောပွဲသည် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးသောစိတ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ရှင်သန်တက်ကြွစေသော အထိမ်းအမှတ်အစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပါသည်။ မနောအကသည် ပြည်နယ်အတွင်းသာမက ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ဖော်ဆောင်လျက် စုပေါင်းညီညာကပြသည့် ပြည်နယ်သူ ပြည်နယ်သားများ၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်ပြီး ပြည်နယ်အတွင်း ငြိမ်းချမ်းသာယာဝပြောရေးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်ရေး အဓိပ္ပာယ်ပြည့်ဝသော ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခု ဖြစ်ပါသည်။

ထို့အပြင် ကချင်ပြည်နယ်သည် အဖိုးထိုက်တန်သော တွင်းထွက်ရတနာများ၊ သဘာဝသယံဇာတများ၊ သဘာဝအရင်းအမြစ်များ ထွက်ရှိရာ ပြည်နယ်ကြီးဖြစ်သည့်အပြင် ရေခံ၊ မြေခံနှင့် ရာသီဥတု ကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။ အလားတူ ပေါင်းစည်းခြင်း၏ သင်္ကေတဖြစ်သော ဧရာဝတီမြစ်ကြီး၏ အလှတရားနှင့်အတူ စိမ်းလန်းသာယာစိုပြည်ခြင်းကလည်း ပြည်နယ်၏ ထူးခြားသော ဝိသေသပင် ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိတိုင်းရင်းသားညီအစ်ကိုများအားလုံး၏ စိတ်ဓာတ်နှင့် ခွန်အားများ စုပေါင်းစွမ်းအားဖြင့် ပြည်နယ်သာယာအေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား**

မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် မဲမသမာမှုကြောင့် ကြုံတွေ့လာမည့်အန္တရာယ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်ကို ယူခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသို့ တာဝန်ယူပြီးနောက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက် ပြည်သူလူထု၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ခိုင်မာစွာ လျှောက်လှမ်းလျက်ရှိရာ ကချင်တိုင်းရင်းသားများအပါအဝင် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့် တည်ငြိမ်ငြိမ်းချမ်းစွာ ဖြေရှင်းကြရမည်သာ ဖြစ်ပါသည်။ ယခုကဲ့သို့ တိုင်းရင်းသားဒေသအသီးသီးကလက်နက်အားကိုးဖြင့် နိုင်ငံအတွက် ကောင်းကျိုးမဖြစ်နိုင်သည့် တိုက်ခိုက်မှုများ၊ တောင်းဆိုမှုများသည် ဒီမိုကရေစီနှင့် ဆန့်ကျင်သည့် အကြမ်းဖက်စနစ်သာဖြစ်ပြီး မိမိတို့တိုင်းရင်းသားများကို မိမိတို့ကိုယ်တိုင် ပြန်လည်ဒုက္ခပေးနေခြင်းပင်ဖြစ်ကြောင်း သတိထားဆင်ခြင်သုံးသပ်သင့်ကြပြီ ဖြစ်ပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေရန် ဒေသနှင့်တိုင်းရင်းသားများ အကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များ နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံ့ဝန်ထမ်းများနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှ ကင်းဝေးရန်လိုအပ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်နယ်အကျိုး၊ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအကျိုးကိုရှေးရှုပြီး တိုက်ပွဲများရပ်တန့်စေရေး၊ ဆူပူအကြမ်းဖက်များ ပပျောက်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါသင့်နေပြီဖြစ်ပါကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

- **ကချင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံး၏ စိတ်ဓာတ်နှင့်ခွန်အားများ စုပေါင်းစွမ်းအားဖြင့် ပြည်နယ်သာယာအေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှ ကင်းဝေးရန်လိုအပ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်နိုင်မည်ဖြစ်**

ယခုအခါ မိမိတို့ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေး ဦးတည်ချက်များချမှတ်၍ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ **"နိုင်ငံတော်၏ အကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ ပြည်သူ့ကိုယ်စားလှယ်လောင်းများ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက် ဆောင်ရွက်ရေး" "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဆိုသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။ ဆက်လက်၍ အပိုင်း(၂)နှင့်(၃)တို့ကို ဆက်လက်ကျင်းပပြီး ပေါ်ပေါက်လာမည့်အစိုးရအား မိမိတို့တာဝန်ယူထားသည့် နိုင်ငံ့တာဝန်များကို မကြာမီ လွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်မှာ ရွေးကောက်ပွဲပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဝိုင်းဝန်းပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသများ၌ တရားမဝင်ကုန်စည်စီးဆင်းမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု စသည့် တရားဥပဒေနှင့်ဆန့်ကျင်သည့် ဖြစ်ရပ်များကြောင့် ပြည်နယ်အလှကို ပျက်စီးစေပြီး ပြည်နယ်၏ဂုဏ်သိက္ခာကျဆင်းစေပါသည်။ ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူအားလုံးက ဆန့်ကျင်တိုက်ဖျက်ကြရန် လိုအပ်ပါကြောင်းနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းဖော်ဆောင်ကြရန် အလေးထားမှာကြားလိုပါသည်။

**ကချင်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျား**

ကချင်ပြည်နယ်အနေဖြင့် သဘာဝမှပေးထားသည့် ရာသီဥတု၊ ရေမြေပထဝီအနေအထားများအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် ပြည်နယ်ဖြစ်ပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်နိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ထုတ်ကုန်များကိုအခြေခံပြီး စက်မှုနည်းပညာများနှင့် ပေါင်းစပ်ကာ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှုများ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများအပေါ်တွင် အခြေခံ၍ တန်ဖိုးမြှင့်ကုန်ပစ္စည်းများထုတ်လုပ်ကာ ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံတစ်ဝန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချပြီး ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် အတန်းပညာ အတတ်ပညာသာမက အရာရာကို မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်သည့် အသိပညာနှင့် တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းလိုသည့်စိတ်များရှိသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း အလေးထားမှာကြားလိုပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးလျက်ရှိပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများကလည်း ဟန်ချက်ညီညီ လိုက်ပါမြှင့်တင်ဆောင်ရွက်ပေးနိုင်ကြပါရန် တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားများအနေဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အေးအတူ၊ ပူအမျှ စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်သွားနိုင်ကြပါစေ၊ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးများတွင် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားနိုင်ကြပါစေ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ စုစည်းမှုစွမ်းပကားများ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများတွင် ဘက်ပေါင်းစုံမှ ဖွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ပြည်နယ်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်နိုင်ကြပါစေကြောင်းနှင့် ကချင်ပြည်နယ်ကြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်း တိုက်တွန်းရင်း (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်

# နိုင်ငံရေးသည် ပညာရေးနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံအတွင်း ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်

❑ ရှေ့ဖုံးမှ

### စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဟိုင်းကြီးကျွန်းတပ်နယ်သို့ ရောက်ရှိကြရာ နယ်မြေခံ ရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ ရေတပ်စခန်းဌာနချုပ်မှူးက တပ်နယ်ဆိုင်ရာ အချက်အလက်များ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်နယ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန် မှာကြားချက်များအား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ တပ်နယ်အတွင်းနှင့် စည်းရုံးရေးနယ်မြေအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဟိုင်းကြီးကျွန်းတပ်နယ် အနေဖြင့် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်း တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ဒေသလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်၍ အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စစ်သည်တစ်ဦးချင်းစီ အလိုက် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု ရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေးနှင့် တိုက်ပွဲဝင်နိုင်စွမ်းရှိစေရေး၊ ကိုယ်စီ လုပ်ငန်းတာဝန်များနှင့် ကိုင်ဆောင်ရသည့် လက်နက်ပစ္စည်းများ ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်ဆောင်ရွက်ပေးနေရမည် ဖြစ်ကြောင်း၊ တပ်နယ်အတွင်း တရားမဝင် သယံဇာတထုတ်ယူနေမှုများ၊ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်နေမှုများ၊ တရားမဝင် မှောင်ခိုသွားလာနေမှုများ မရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက်လည်း အမြဲမပြတ် ကြပ်မတ်စိစစ် ဆောင်ရွက်သွားရန် လိုကြောင်း။

ကမ်းရိုးတန်းဒေသဖြစ်သဖြင့် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို တွက်ချက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ မရနိုင်သော်လည်း ကြိုတင်ကာကွယ်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီရေတောများနှင့် သစ်တောများ စိုက်ပျိုးခြင်းအပါအဝင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စနစ်တကျ တွက်ချက်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ တပ်နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပြီး စဉ်ဆက်မပြတ်သည့် စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်နယ်အတွင်း အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ဖူလုံမှုအပြင် ပိုလျှံသည်များကို ဒေသခံပြည်သူများသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားရန်လိုကြောင်း၊ ဆက်သွယ်မှုအလှမ်းဝေးသည့် ဒေသတစ်ခုဖြစ်သဖြင့် အရာရှိ၊ စစ်သည်များ၏ သက်သာချောင်ချိရေးကိုသာမက မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသမှဒေသခံများ၏ သက်သာချောင်ချိရေးအတွက်ကိုလည်း ဖော်ဆောင်ပေးကြရန်လိုပြီး တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်နယ်အတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေးတို့ကိုလည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ခန်းမ၌ ဟိုင်းကြီးကျွန်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဟိုင်းကြီးကျွန်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို တပ်နယ်မှူးထံ ပေးအပ်စဉ်။

### ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မည်သည့်ဖိအား တစ်စုံတစ်ရာမျှ မပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံး တွေ့မြင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုသို့ ပြည်သူများဆန္ဒမဲပေးနေမှုများကို နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း လာရောက်လေ့လာတွေ့ရှိခဲ့ကြပြီး ကောင်းမွန်သည့် သုံးသပ်ချက်များရှိခဲ့ကာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်သည်ဟု သုံးသပ်ပြောကြားခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့်လည်း ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သမာသမတ်ရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)တို့တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး အားလုံးကဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆန္ဒမဲများ ပေးရာတွင်လည်း ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူ၊ အမျိုးဘာသာသာသနာ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကိုလိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်နေသရွေ့ အခိုင်မာဆုံးသော အဖွဲ့အစည်းအဖြစ်တည်ရှိနေသည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ရလဒ်များကိုလည်း ပြည်သူများအားလုံး ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေး ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နိုင်ငံ့အရေးကို လေးလေးနက်နက်ဖြင့် ဆောင်ရွက်လိုသည့် နိုင်ငံရေးသမားစစ်စစ်များ လိုအပ်နေဆဲဖြစ်သည်ကို ဖြတ်သန်းလာမှု အတွေ့အကြုံများအရ တွေ့ရှိရကြောင်း။

### အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသား အရင်းအမြစ်ကောင်းများ မွေးထုတ်ရေး

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မကြာခင်ကာလအတွင်း အခြေခံပညာ ကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အောင်မြင်စွာဖြင့် ဖြေဆိုအောင်မြင်နိုင်ရေး တာဝန်ရှိသူများနှင့် မိဘများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် မိဘများအနေဖြင့် ငွေကြေးကုန်ကျမှုများ ရှိသကဲ့သို့ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း အချိန်များပေး၍ ပညာသင်ကြားကြရခြင်း ဖြစ်သဖြင့် အတန်းတင်စာမေးပွဲများကို အောင်မြင်စွာဖြင့် ဖြေဆိုနိုင်ရေး မိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို တိုက်တွန်းအားပေးဆောင်ရွက်ပေးကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် မိသားစုဝင်ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်ရေး ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာပညာ အခြေခံသင်တန်းနှင့် အခြားအကျိုးရှိစေမည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများကိုလည်း ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်ပညာရေးကိုအလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်များအနေဖြင့်လည်း မိမိတို့၏ သားသမီးများ ထူးချွန်မှုရှိစေရေး ပညာရေးကို အားပေးဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ ဖြတ်သန်းလာခဲ့သည့်သမိုင်းကြောင်းအခြေအနေ

စာမျက်နှာ ၅ သို့

❑ မကြာမီရက်ပိုင်းအတွင်း ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)တို့တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်

❑ ပညာသင်ကြားရေးနှင့် ပတ်သက်၍ မကြာခင်ကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အောင်မြင်စွာဖြင့် ဖြေဆိုအောင်မြင်နိုင်ရေး တာဝန်ရှိသူများနှင့် မိဘများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာပေါင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလိုသူ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲများ ပေးကြရန်လိုပြီး ရွေးကောက်ပွဲမှတစ်ဆင့် ဒေသနှင့် နိုင်ငံ့အကျိုးဆောင်ရွက်ရန် အတွေ့အကြုံရှိသည့်သူများကို ရွေးချယ်

❖ သာပေါင်းမြို့နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မည်ဆိုပါက နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြစေလို၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း ဆီဖူလုံမှုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သာပေါင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က သာပေါင်းမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များ စမ်းသပ်စိုက်ပျိုးလျက်ရှိမှုနှင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မျိုးစေ့ချက်ကိရိယာများ လိုအပ်လျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများအတွက် နိုင်ငံ့စီးပွားရေးရန်ပုံငွေများ ထုတ်ချေးပေးပြီး သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး သစ်ပင်သစ်တောများ စိုက်ပျိုးထူထောင်ခဲ့မှု၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက သာပေါင်းမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးစေလိုမှု၊ သာပေါင်းမြို့အတွင်း ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးစေလိုမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်းတို့က သာပေါင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကူအညီများတောင်းခံနိုင်မှု၊ မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းသဖြင့် ဥယျာဉ်ခြံမြေများ၌ အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းနိုင်မှု၊ အရည်အသွေးမီသည့် မျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှု၊ အသား၊ ငါးထုတ်လုပ်မှုနှင့်ပတ်သက်၍ တိုးချဲ့ဆောင်ရွက်လိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးသွားမည့်အခြေအနေများ၊ လယ်ယာမြေများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုရန်လိုအပ်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

## ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သာပေါင်းမြို့နယ်သည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ထုတ်လုပ်ခြင်းကို အဓိကထားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ဆန်ကိုအဓိကတင်ပို့ရောင်းချကြပြီး ကျေးလက်နေပြည်သူ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး မြို့နေပြည်သူ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်ကိုအခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ပိုမိုလိုအပ်သည်ကိုတွေ့ရကြောင်း၊ ဒေသမှစိုက်ပျိုးထုတ်လုပ်သည့်ဆန်များကို တန်ဖိုးမြင့်သည့် ဆန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အခြေအနေပေးသည့်နေရာများတွင် တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းမွှေးဆန်များကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း ငွေကြေးစီးဆင်းလည်ပတ်မှုများကိုလည်း တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သာပေါင်းမြို့နယ်အတွင်း ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မည်ဆိုပါက နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းဆီဖူလုံမှုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်၊ စိုက်ပျိုးရန်ကောင်းမွန်သည့် မြေအမျိုးအစားဖြစ်စေရေး မြေပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် သွင်းအားစုများထည့်သွင်းရန်၊ စိုက်ပျိုးရေမျာ လုံလောက်စွာရရှိစေရေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန် စသည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံးပြည့်စုံအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သာပေါင်းဒေသတွင် ဝါးများစွာထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သွားနိုင်ရန်အတွက် ဝါးကိုတန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## ကျေးလက်ပညာရည် မြင့်မားရေးဆောင်ရွက်

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသအတွင်း အသား၊ ငါးနှင့် ဥများလုံလောက်စွာ ရရှိရေး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာရှင် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ကျေးလက်ပညာရည်မြင့်မားစေရေးကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့် အရေးအခင်းများ၊ ပဋိပက္ခများ၊ ဆူပူမှုများ၏ အကြောင်းရင်းကိုကြည့်မည်ဆိုပါက အသိပညာ၊ အတတ်ပညာ အားနည်းသည့် အခြေခံအချက်ဖြစ်သည်ကို တွေ့ရကြောင်း၊ အဆိုပါအချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သာပေါင်းဒေသတွင် နေထိုင်ကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

## အာဟာရပြည့်ဝစွာစားသုံး

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေသော နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သာပေါင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် နေထိုင်ကြသည့်သူများကပင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်း တစ်ဦးချင်း ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် စားသောက်နေထိုင်သွားလာမှုရှိရမည်ဖြစ်ကြောင်း၊ ငယ်စဉ်အခါတွင် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးကြီးထွားစေရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးရမည်၊ လူလတ်ပိုင်းနှင့်လူကြီးပိုင်းအရွယ်တွင် ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအတွက် ညီညွတ်မျှတစေမည့် အစားအစာများကို စားသုံးကြရန်လိုကြောင်း။

စာမျက်နှာ ၇ သို့






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်း စက္ကူစက်ရုံ(သာပေါင်း) ရှင်းလင်းဆောင်ရွက်ခဲ့တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

# စက္ကူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း စက္ကူစက်ရုံ (သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တာဝန်ရှိသူများက စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံသမိုင်းအကျဉ်း၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေ၊ အသုံးစရိတ်နှင့် အမြတ်/အရှုံး နှိုင်းယှဉ်မှု၊ သတင်းစာစက္ကူများ ထုတ်လုပ်ခဲ့မှုနှင့် ဖြန့်ဖြူးရောင်းချမှု၊ တန်(၆၀) သတင်းစာစက္ကူစက်ရုံတွင် သတင်းစာထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံတွင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် စမ်းသပ်ထုတ်လုပ်နေမှု၊ တန် (၆၀) ဝါးပျော့ဖတ်စက်ရုံတွင် ဝါးပျော့ဖတ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိမှု၊ တန် (၄၀) လောင်စာတောင့်စက်ရုံတွင် လောင်စာတောင့်များထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ထုတ်လုပ်နေမှု၊ ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## အရည်အသွေးကောင်း စက္ကူများထုတ်လုပ်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်တွင်းလိုအပ်ချက်ရှိနေသည့်စက္ကူအမျိုးမျိုးကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ သို့ဖြစ်၍ စက္ကူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်မှုကုန်ကြမ်းများဖြစ်သည့် သစ်၊ ဝါးများ လိုအပ်မှုကို ဖြည့်တင်းပေးနိုင်ရန် သစ်၊ ဝါးများစိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူဖြစ်စေပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စက္ကူထုတ်လုပ်ရန်အခြေခံလိုအပ်ချက်ဖြစ်သည့် ပျော့ဖတ်ရရှိရေးသည် အရေးကြီးပြီး အရည်အသွေးကောင်းမွန်သည့် စက္ကူများထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါးပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံ၌ ဝါးကုန်ကြမ်းများအား အဆင့်ဆင့်ကြိတ်ခွဲခြင်း၊ ရေနွေးငွေ့ဖြင့် ပေါင်းခံခြင်း၊ အရောင်ချွတ်ခြင်းလုပ်ငန်းများနှင့် ပျော့ဖတ်ရရှိလာမှုလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံတွင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ထုတ်လုပ်ထားသည့် အဆင့်မြင့်စက္ကူများကိုလည်းကောင်း၊ တန် (၆၀) သတင်းစာစက္ကူစက်ရုံတွင် သတင်းစာစက္ကူထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း၊ စွမ်းအင်လောင်စာတောင့်စက်ရုံတွင် လောင်စာတောင့်ထုတ်လုပ်နေမှုအဆင့်ဆင့်ကိုလည်းကောင်း စက်ရုံတစ်ခုချင်းစီအလိုက် အသီးသီးလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လောင်စာတောင့်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

---

*စာမျက်နှာ ၆ မှ*

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၂) နှင့် အပိုင်း(၃)ကို မကြာမီအချိန်အတွင်း ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင် ဒေသအကျိုး၊ နိုင်ငံ၏အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲ၍ နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပချိန်တွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့ပြီး ကောင်းမွန်သည့် သုံးသပ်ချက်များရရှိခဲ့ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလိုသူ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ကောင်းမွန်သည့်သူ၊ ပညာတတ်သည့်သူ၊ ဒေသနှင့် နိုင်ငံ့အကျိုးဆောင်ရွက်ရန်အတွက် အတွေ့အကြုံရှိသည့်သူများကို ရွေးချယ်နိုင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# Polytechnic University (MYITKYINA) ဖွင့်လှစ်ခြင်းဖြင့် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့်အပြင် အသိပညာမျှဝေခြင်း အကျိုးကျေးဇူးများပါရရှိမည်

မြစ်ကြီးနား ဇန်နဝါရီ ၉

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် Polytechnic University (MYITKYINA) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဦးမောင်မောင်အုန်း၊ ဦးဉာဏ်ထွန်း၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့က Polytechnic University (MYITKYINA) ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားတက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက မြန်မာနိုင်ငံတွင် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းပေါင်း ၆၁ ကျောင်းရှိပြီး ဗန်းမော်၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ၊ ထားဝယ်၊ မြိတ်၊ မအူပင်တို့တွင် ရှိသည့် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များကို ပေါင်းစည်းကာ Polytechnic University များအဖြစ် ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ နေပြည်တော်၌ Naypyitaw State Polytechnic University ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် ကချင်ပြည်နယ် နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ကို Polytechnic University အဖြစ် (၉)ကျောင်းမြောက် ဖွင့်လှစ်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

## အကျိုးကျေးဇူးများရရှိမည်

Polytechnic University ဖွင့်လှစ်ခြင်းဖြင့် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့်အပြင် အသိပညာမျှဝေခြင်းကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းကောင်းများရရှိခံစားရမည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

မျက်မှောက် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် ပညာမဏ္ဍိုင်ကြံ့ခိုင်မှသာ မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးကို အခြေခံပြီး ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တနှင့် မိတ္တဟူသည့် ဗလငါးတန်ကို ပြည့်စုံအောင် ဖြည့်ဆည်းကြရမည့်အပြင် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံကို အကျိုးပြုမည့် လက်တွေ့ကျသော လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင့်နှင့် ချိတ်ဆက်သင်ကြားပေးမည့် Polytechnic University (MYITKYINA) ကိုလည်း ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Polytechnic University (MYITKYINA) ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က Polytechnic University (MYITKYINA) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ Polytechnic University မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာနတို့မှ ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုကြသည်။

Polytechnic University (MYITKYINA) ကို နိုင်ငံနှင့် ဒေသအကျိုးပြု အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ရန် ဘွဲ့သင်တန်းခြောက်မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး နှစ်စဉ် နည်းပညာကျောင်းသား ၁၆၀ နှင့် ကွန်ပျူတာကျောင်းသား ၁၂၀ စုစုပေါင်း ၂၈၀ ကို လက်ခံခေါ်ယူ၍ ပညာသင်နှစ်အလိုက် နည်းပညာကျောင်းသား ၈၀၀ နှင့် ကွန်ပျူတာကျောင်းသား ၄၈၀ စုစုပေါင်း ၁၂၈၀ တက်ရောက်ပညာသင်ကြားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို လာရောက်လေ့လာသူများအနေဖြင့် သမိုင်းကြောင်းတစ်ခုလုံးကို တစ်ခဏအတွင်း လေ့လာခွင့်ရရှိနိုင်

ရန်ကုန် ဇန်နဝါရီ ၉

၁၇၅၅ ခုနှစ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဒဂုံကို သိမ်းပိုက်ပြီး ရန်အပေါင်းကုန်စင်သော ရန်ကုန်ဟု ခေါ်ဝေါ်သမုတ်ခဲ့သည့်အချိန်မှစ၍ တံငါရွာလေးအဖြစ်မှ မြန်မာနိုင်ငံ၏ အဓိကနိုင်ငံတကာကုန်သွယ်မှု ဆိပ်ကမ်းမြို့အဖြစ်သို့ပြောင်းလဲခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းနှင့်အတူ ခေတ်အဆက်ဆက် ဖြတ်သန်းကာ ဖြစ်ပေါ်တိုးတက်လာခဲ့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို ထိန်းသိမ်းပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ပြခန်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၌ ဖွင့်လှစ်သည်။





## တက်ရောက်

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## လေ့လာခွင့်ရရှိနိုင်မည်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရန်ကုန်မြို့ စတင်တည်ဆောက်ခြင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး သမိုင်းကြောင်းရှည်လျားသည့် ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူဘက်မှ ရပ်တည်ပြီး ဆိပ်ကမ်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ကြောင်း၊ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းပုံရိပ်များကို စာပေမှတ်တမ်းအဖြစ်မှ ပြခန်းအဖြစ် စုစည်းတင်ပြနိုင်ရန် ယနေ့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ပြခန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် လာရောက်ကြည့်ရှုလေ့လာသူများအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းတစ်ခုလုံးကို တစ်ခဏအတွင်း သိမြင်လေ့လာခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ သမိုင်းရှိသော်လည်း သမိုင်းတွင်အောင် သမိုင်းမတင်နိုင်လျှင် သမိုင်းသည်တန်ဖိုးမဲ့တတ်ကြောင်း၊ သမိုင်းသည် ပကတိအရှိတရားဖြစ်ပြီး စီးပွားရေးသည် တွေးတောယူဆချက်ဟု ပညာရှိများက အဆိုအမိန့်ပြုခဲ့ကြောင်း၊ သမိုင်းကို လေ့လာခြင်းဖြင့် အနာဂတ်ခရီးအတွက် သဘောထားအမြင်များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့်ပြခန်းသည် နောင်မျိုးဆက်သစ်များအတွက် ကောင်းမြတ်သည့် အမွေအနှစ်များ လက်ဆင့်ကမ်း ပေးစွမ်းနိုင်မည်ဖြစ် သည့်အတွက် ပြခန်းဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ အခြားဌာနများအနေဖြင့်လည်း ဌာနအလိုက် အစဉ်လာကောင်းများကို အားပေးဖော်ဆောင်ပေးခြင်းဖြင့် မိမိတို့ဌာနများ၏ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

## အမွေးနံ့သာရည်များပက်ဖျန်း

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ပြခန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ပြခန်းဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်ကြီးများကို ပြခန်းအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ဆူးလေဆိပ်ကမ်း တံတားတွင် Weight Bridge တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းတံတား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဆာပါချောင်ဒေသ၊ တွံတေးတူးမြောင်းတစ်လျှောက်ရှိ ဆိပ်ခံတံတားများ၊ ရေယာဉ်များ ဝင်ထွက်သွားလာနေမှုအခြေအနေများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် တွံတေးတူးမြောင်းဖွံ့ဖြိုးရေး စီမံကိန်းနေရာနှင့် တွံတေးတူးမြောင်း ၃ ဒသမ ၅ မိုင်၊ လက်ပံကုန်း အကောက်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လက်ပံကုန်း အကောက်စခန်းတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လက်ပံကုန်း အကောက်စခန်းမှ လျှာထားချက်ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန်၊ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ရန်၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် ကိုရီးယားနိုင်ငံချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဘန်ဒီတို ဒို့စ် ဆန်းတို့စ် ဖရိတ်တက်စ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် လာရောက်ခဲ့သည့် မိမိ၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရန် တီမောလက်စ်တေနိုင်ငံ၏ ကတိကဝတ်ကို ထင်ဟပ်စေခဲ့ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၉

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ အောင်ပန်းမြို့နှင့် ဟဲဟိုးမြို့တို့ရှိ မဲရုံများအား လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ မဲရုံများအား လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာ၊ ပရည်ကျွန်းကျေးရွာ၊ ဒုံးညောင်မှိုင်းကျေးရွာနှင့် ဒုံးဆွေသန်းကျေးရွာတို့ရှိ မဲရုံများအား လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ ရောက်ရှိမှုနှင့် သက်ဆိုင်ရာ



ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို အဆိုပါမြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ ပြုလုပ်ကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကင်းမွန်းခြံကျေးရွာ၌ ဆိုလာစနစ်ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး



ချောက် ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေးသောက်သုံးရေလွယ်ကူစွာရရှိစေရန် ရည်ရွယ်၍ ငွေးပင်ကျေးရွာအုပ်စု၊ ကင်မွန်းခြံ ကျေးရွာ၌ ပြည်သူ+ကျေးလက်+ယူနီဆက်အစီအစဉ်ဖြင့် ဆိုလာစနစ် ရေရရှိရေးလုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် အင်ဂျင်နီယာများက ရေရရှိရေးကော်မတီဝင်များနှင့် အတူ ကင်မွန်း ခြံကျေးရွာ၌ ဆိုလာစနစ်ရေရရှိ ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားသည်။

ကင်မွန်းခြံကျေးရွာ၌ ရေရရှိရေးအတွက် ၆၃၅ ဝပ်ဆိုလာ ၂၄ ချပ် တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်သူ+ကျေးလက်+ယူနီဆက် အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ချောက်မြို့နယ်အတွင်း ပြည်သူ+ကျေးလက်+ယူနီဆက် အစီအစဉ်ဖြင့် ကျေးရွာ ၁၂ ရွာ၌ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၁ ရွာ၌ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နော်လူး





## ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

မူဆယ် ဇန်နဝါရီ ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများ၊ အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်(အကြို) အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

မြင်းခြံ ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်း စံပယ်ခန်းမတွင် ကျင်းပရာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'ကြိုဆိုပါသည် စုံညီပွဲတော်' သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း လူရည်ချွန်ဆုများ၊ တိုင်းအဆင့်ဆုများ၊ မြို့နယ်အဆင့်ဆုများ၊ ကျောင်းအဆင့်စွမ်းရည်ဆုများ၊ ကျောင်းတွင်းပညာရည်ချွန်ဆုများ၊ စာစီစာကုံးပြိုင်ပွဲဆုများ၊ အားကစားဆုများ၊ အသင်းစံပြဆုများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၃၆၆)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအောင်မြေမြို့နယ်အတွင်း "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များဖြန့်ဝေ၊ မတ္တရာမြို့နယ်တွင် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး ဇန်နဝါရီ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးတစ်ရပ်ဖြစ်သည့် မဲပေးပိုင်ခွင့်မဆုံးရှုံးရန်နှင့် ရာနှုန်းပြည့်မဲပေးနိုင်ရေး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်တို့သည် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မန်းမြို့ဈေးနှင့် လူစည်ကားရာ နေရာများတွင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများ၊လူမှုရေးအဖွဲ့များက ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၊ လမ်း ၈၀ နှင့် ၄၁ လမ်းထောင့်၊ လမ်း ၈၀ မှ ၈၁လမ်းအထိ၊ ၈၄လမ်း၊ ၃၈လမ်းနှင့် ၄၁လမ်းကြားရှိ မန်းမြို့ဈေး စသည့်နေရာများတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့လိုက်ပါပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ လင်းမွှေချောင်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း(လင်းမွှေချောင်း)၊ ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ထီးတော်မိုး)၊ တောင်ပြုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ပြုန်း)သို့ သွားရောက်ပြီး မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲရုံများတွင် ယာယီနားနေရန် နေရာများ၊ ကျန်းမာရေးနှင့် ပိုမိုလုံခြုံစိတ်ချကောင်းမွန်စွာဖြင့် ဆန္ဒမဲပေးနိုင်ရန် လုံခြုံရေးဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ သတ်မှတ်ချိန်အတွင်း အဆင်ပြေလွယ်ကူစွာမဲပေးနိုင်ရေး၊ လုံခြုံရေးသတိ၊ လုံခြုံရေး အသိတို့ဖြင့် အားလုံးလက်တွဲညီညီဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်(၉)မြို့နယ်တွင် မတ္တရာမြို့နယ်ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း(၄၈,၄၆၆)ဦးအတွက် မဲရုံပေါင်း(၃၁)ရုံကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်းနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးတစ်ရပ်ဖြစ်သည့် မဲပေးပိုင်ခွင့် မဆုံးရှုံးရန်အတွက် "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" သတင်းစကားပါ အသိပညာပေး လက်ကမ်းစာစောင် ၄၅၀၀၀ ကို ဖြန့်ဝေခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြင်းခြံ ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဝင်းထွန်းဦး(ဦးစီးမှူး)နှင့် ဝန်ထမ်းများသည် ယနေ့ နံနက် ၉ နာရီက မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ အသိပညာပေးဟောပြောရာ ဆရာ၊ ဆရာမ ၂၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၆၁၉ ဦးခန့် တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဦးစီးမှူးက စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းထားရှိမှု၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)၊ စားသုံးသူရေးရာဦးစီးဌာန အင်တာနက်စာမျက်နှာများ၊ စားသုံးသူရေးရာဦးစီးဌာန Facebook စာမျက်နှာများ၊ DOCA Myanmar Mobile Application နှင့် Call Center ၁၅၃၅သို့ ဖုန်းခေါ်ဆို၍ အလွယ် အကူ တိုင်ကြားနိုင်ခွင့်ရှိသည့် အခြေအနေများ၊ အရေးယူမှုနည်းလမ်းများ၊ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် မြန်မာဘာသာဖြင့် မဖြစ်မနေ ဖော်ပြရမည့် အခြေအနေများကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(ဝင်းထွန်းဦး)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် တိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များအား တွေ့ဆုံ






**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် နေပြည်တော်၌ သုံးရက်ကြာ ကျင်းပသည့် လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများအား ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး လူငယ်ရေးရာ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ တက်ရောက်နိုင်ရေးအတွက် ဖိုရမ်တွင် ဆွေးနွေးပြောကြားသွားမည့် ခေါင်းစဉ်အကြောင်းအရာများအား ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သူ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများနှင့် ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးနိုင်သူ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ၊ ဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်ပြီး အပြုသဘောဆောင် ဆွေးနွေးပြောကြားနိုင်သူ ထူးချွန်သည့် လူငယ်ကိုယ်စားလှယ်များကို အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် အကောင်းဆုံး ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ ဖိုရမ်တွင် ဆွေးနွေးခဲ့မှုများနှင့် အတွေ့အကြုံများကို ထပ်ဆင့်ပြန်လည်မျှဝေ ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များအား တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပြင်ပအဖွဲ့အစည်းများမှ အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့မှု၊ ဖိုရမ်သို့ တက်ရောက်ရန်အတွက် ဆောင်ရွက်ထားသည့် အစီအစဉ်များ၊ လုပ်ငန်းအစီအမံဆောင်ရွက်ထားမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်များနှင့် ပတ်သက်၍ လူငယ်ရေးရာဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခဲ့မှုနှင့် ကျေးဇူးတင်စကားကို ပြောကြားပြီးနောက် လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ် အမျိုးသား (၅)ဦးနှင့် အမျိုးသမီး(၅)ဦး၊ အုပ်ချုပ်သူ (၂)ဦးတို့က တစ်ဦးချင်း မိတ်ဆက်စကားများ ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆သို့ သွားရောက်မည့် အဖွဲ့အား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ချီးမြှင့်ငွေကျပ် (၁၀၈၁၂၅၀၀) အား အဖွဲ့အုပ်ချုပ်သူထံသို့ ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဦးချင်း ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ နေပြည်တော်တွင် ကျင်းပသည့် လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ တက်ရောက်ရန် ဇန်နဝါရီ ၁၁ ရက်တွင် မန္တလေးမြို့မှ နေပြည်တော်သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မဟာအောင်မြေမြို့နယ်၌ မဲဆန္ဒရှင်များ၏ မဲစာရင်းများ လွယ်ကူလျင်မြန်စွာ ရှာဖွေနိုင်စေရန် Android Tablet PC များ ပေးအပ်



**မန္တလေး ဇန်နဝါရီ ၉**

မဟာအောင်မြေမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်စေရန် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများနှင့် မဲရုံတာဝန်ကျသူ များနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်များ၏ မဲစာရင်းများ လွယ်ကူလျင်မြန်စွာ ရှာဖွေနိုင်စေရန် Android Tablet PC များကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ဦးစွာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်စေရန် မိမိပေးအပ်သော တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်စေလိုကြောင်း စသည်များ ပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံတာဝန်ကျသူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်များ၏ မဲစာရင်းများ လွယ်ကူလျင်မြန်စွာ ရှာဖွေနိုင်စေရန် Android Tablet PC ၇၀ ခုအား မဟာအောင်မြေမြို့နယ် ၁၈ ရပ်ကွက်အတွင်း မဲရုံပေါင်း ၇၀ ရှိ တာဝန်ကျ မဲရုံမှူးများထံ လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝ၅၆)

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်လျှပ်စစ်ရုံး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းအား သရက်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်စဉ်။ (ကဆ)**



## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ(အမျိုးသား)ဖူဆယ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

**မန္တလေး ဇန်နဝါရီ ၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်



ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ပွဲကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယ ပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာဃာအောင်၊ ဒေါက်တာ ဦးဝင်းနိုင်၊ ဖူဆယ်ပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်မျိုးထွန်းနှင့်ကော်မတီဝင်များ၊ ဘောလုံးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှဲ့လှဲ့ဝင်းနှင့်ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**

ဦးစွာ စစ်ကျောင်းမှူးနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ပါမောက္ခချုပ်အား ချီတက်အလေးပြုကြသည်။ ထို့နောက် ပါမောက္ခချုပ်က ကွင်းဖွင့်အမှာစကားပြောကြားပြီး ဖူဆယ်ပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ဖူဆယ်ပြိုင်ပွဲတွင် အုပ်စုပထမပွဲစဉ်အဖြစ် ဓာတုဗေဒအသင်းနှင့် စိတ်ပညာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဓာတုဗေဒအသင်းက ကိုးဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် အားကစားပညာအသင်းက ရူပဗေဒအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် လည်းကောင်း၊ တတိယပွဲစဉ်တွင် ရုက္ခဗေဒအသင်းက အင်္ဂလိပ်စာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြောင်းနှင့် အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၈ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း (၁၆)သင်းဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၈၂)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း (၂၀၂၆-၂၀၂၇)ခုနှစ် ဆောင်ရွက်မည့် လေလံလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား





**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွက် အပေါင်ဆိုင်များ၊ အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လိုင်စင်များ၊ မြို့ဝင်ဂိတ်များနှင့် ပတ်သက်၍ ရောင်းချမည့် အစီအစဉ်များကို လေလံလုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းတက်ရောက်၍ (၂၀၂၆-၂၀၂၇)ခုနှစ် ဆောင်ရွက်မည့် လေလံလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၃)ဦးကျော်သူဝင်း၊ ဌာနမှူးများနှင့် လေလံလုပ်ငန်းရှင်(၇၁)ဦး၊ မြို့တော်စည်ပင်အခွန်ဌာနမှ ဒုတိယဌာနမှူးနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော် သန့်ရှင်း သာယာလှပရေးနှင့်အတူ မြို့တော်နေ ပြည်သူလူထုကို အဓိကဝန်ဆောင်မှုပေးရသည့် အဖွဲ့အစည်းဖြစ်သောကြောင့် ယခုကဲ့သို့ လေလံလုပ်ငန်း အရပ်ရပ်နှင့် ပြည်သူလူထုထံမှ ကောက်ခံရရှိသည့် အခွန်အခ ငွေကြေးများဖြင့် ဝင်ငွေရရှိမှုအပေါ်မူတည်ကာ မန္တလေးမြို့တော်၏ သာယာလှပရေးနှင့်အတူ ဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးပြုရသည့်အတွက် အခြားဝန်ကြီးဌာနများနှင့် မတူပါကြောင်း၊ နေ့စဉ်သန့်ရှင်းရေးလုပ်ငန်း၊ ရေဖြန့်ဝေပေးပို့ခြင်းလုပ်ငန်း သာယာလှပရေးအတွက် ရေကားများ အသုံးပြု၍ ဝန်ဆောင်မှုများ ပေးလျက်ရှိရာတွင် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ အသုံးပြုဆောင်ရွက်ရကြောင်းနှင့် မြို့တွင်းလမ်းများ မီးထွန်းရာတွင် မီးတိုင်ပေါင်း(၃၀၇၀၀)အသုံးပြုလျက်ရှိပြီး မီတာခ လစဉ်ငွေကျပ်(၁ ဒသမ ၃)ဘီလီယံ အသုံးပြု၍ လုပ်ကိုင်နေရကြောင်းနှင့် မြို့ရေပေးရေးအတွက် စက်ရေတွင်းပေါင်း(၁၃၅)တွင်း၊ ရေတွန်းစက်ရုံ(၁၈)ရုံတို့ဖြင့် အသုံးပြု၍ လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်(၉/၂၀၂၄) လမှစ၍ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခဲ့သည့်အတွက် လျှပ်စစ်မီတာခများ လစဉ်ငွေကျပ်(၁ ဒသမ ၃)ဘီလီယံအထက်ပေးဆောင်နေရပါကြောင်း။

ထို့ပြင် မြို့တော်သန့်ရှင်းရေးအတွက် အမှိုက်သိမ်းယာဉ်(၂၈၃)စီး၊ သုံးဘီးဆိုင်ကယ်(၂၄၉)စီးတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် စက်ယန္တရား(၂၅)စီးတို့ဖြင့် မြို့ပြဖွံ့ဖြိုးရေးအတွက် လမ်းခင်းခြင်း၊ ပလက်ဖောင်းနှင့်ရေမြောင်းများ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများအတွက် စက်သုံးဆီများ သုံးစွဲဆောင်ရွက်လျက်ရှိရာတွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် အခွန်အခနှုန်းထားများကိုလည်း ခေတ်ကာလနှင့် လျော်ညီသောနှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံရေးဆောင်ရွက်နိုင်ရန် ယနေ့လေလံလုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ပါကြောင်း။

(၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေများစွာ ရရှိနိုင်သည့် အပေါင်ဆိုင်(၁၆၅)နေရာ၊ ရေချိုး၊ အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၄၆)နေရာ၊ ယာဉ်အပ်နှံခကောက်ခံခွင့်(၇၆)နေရာ၊ မြို့ဝင်ဂိတ်(၅)နေရာတို့ကို ယခင်နှစ်လေလံနှုန်းထားထက် နှစ်ဆတိုးမြှင့်ကောက်ခံရန်ရည်ရွယ်ပြီး လက်ရှိ ဆက်လက်လုပ်ကိုင်လိုသည့်လုပ်ငန်းရှင်များကို တာဝန်ပေးအပ်ရန် ရည်ရွယ်ထားပါကြောင်း၊ ယနေ့အစည်းအဝေးတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ လက်တွေ့လုပ်ကိုင်ပြီး တာဝန်ယူနေကြသည့် ဝင်ငွေအပေါ်မည်မျှတိုးမြှင့်၍ ပေးသွင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်တိုးမြှင့်မှု(ရာခိုင်နှုန်း)ဖြင့် ပေးဆောင်စေက သင့်လျော်ကြောင်းတို့ကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန်နှင့် အခက်အခဲများရှိပါက တင်ပြစေလိုကြောင်း ထိုတင်ပြချက်များအပေါ် ကော်မတီအနေဖြင့် စဉ်းစားဆုံးဖြတ်ပေးမည်ဖြစ်ပါကြောင်း။ သို့မဟုတ်ကြမ်းခင်းဈေး တိုးမြှင့်သတ်မှတ်ပြီး လေလံဖြစ်သင့်ကြောင်း တင်ပြဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ လုပ်ငန်းရှင်များအနေဖြင့် အများဆုံးပေးနိုင်သည့် နှစ်ဆဈေးနှုန်းပေးနိုင်မည်(သို့မဟုတ်)မပေးနိုင်ကြောင်းကို (၁၃-၁-၂၀၂၆)ရက်နေ့ အရောက် ပြန်လည်တင်ပြပေးကြရန် ပြောကြားရှင်းလင်းခဲ့ပြီး ဆန္ဒပြုသည့်ကိစ္စများ၊ လေလံပစ်ရန်ကိစ္စများအား ကော်မတီမှ စဉ်းစားဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။ ထို့ပြင် လေလံလုပ်ငန်းရှင်များအနေဖြင့် ဆန္ဒပြုလွှာများကို ထုတ်ယူရေးသွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ခေတ်ကာလနှင့်လျော်ညီသော နှုန်းထားများပြင်ဆင်ကောက်ခံပြီး ရရှိလာသောရန်ပုံငွေများဖြင့် "မန္တလေးမြို့တော်သန့်ရှင်းရမည်၊ မန္တလေးမြို့တော်သာယာလှပရမည်၊ မြို့တော်နေလူထုစိတ်ချမ်းသာရမည်" ဟူသော ဆောင်ပုဒ်များနှင့်အညီ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်က လေလံလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသည့် လေလံလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းခွင်၌ တွေ့ကြုံရသည့် အခက်အခဲများ၊ နှစ်ဆတိုးမြှင့် ပေးနိုင်မည့်လုပ်ငန်းအလိုက်နှုန်းထားများ၊ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အသီးသီးတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် မြို့တော်ဝန်၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးညှိနှိုင်းပြောကြားခဲ့ကြပြီး အခမ်းအနားကို ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# လျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီး အကြီးစားပြန်လည်ပြုပြင်ခြင်း အခြေအနေများအား မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီးမှာ နိမ့်ကျွံဆင်းသည့်နေရာများ၊ ကတ္တရာလမ်းများ ကွဲအက်ပျက်စီးခြင်းနှင့် တာပေါင်နံဘေးအောက်သို့ နိမ့်ဆင်းခြင်းများ ဖြစ်ပေါ်ခဲ့ရာ၊ မန္တလေးမြို့တော်စည်ပင်



သာယာရေးကော်မတီအနေဖြင့် အမရပူရမြို့နယ်(ရှမ်းကလေးကျွန်းနှင့် ရွှေခဲရွာ)အကြား လမ်းပိုင်းအား အပိုင်း(၂)ပိုင်းခွဲ၍ နိုင်လွန်ကတ္တရာလမ်း အကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်ရန်စီစဉ်ခဲ့ပြီး အဆိုပါလမ်းပိုင်းပြန်လည်ပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လမ်းတံတားဌာန ဌာနမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့ပတ်ကမ်းနားလမ်းမကြီး နိုင်လွန်ကတ္တရာလမ်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အပိုင်း(၁)(ရှမ်းကလေးကျွန်းမှ အောင်သာဓာတ်ဆီဆိုင်)ကြားနှင့် အပိုင်း(၂)(အောင်သာဓာတ်ဆီဆိုင်မှရွှေခဲ)ကြားတို့တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာတို့က ၄ ပေအမြင့်၊ မူလအောက်ခံမြေသားနုတ်ယူပြီး အလွှာလိုက်ကျောက်ပျက်ဖြန့်ခင်းခြင်း၊ ရေဖျန်းစက်ကြိတ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က ဆောင်ရွက်ဆဲလမ်းပိုင်းအား ကျောက်ပျက်ဖြန့်ခင်း စက်ကြိတ်ခြင်းလုပ်ငန်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်ခံမြေလွှာ ကျစ်လျစ်သိပ်သည်းမှုသတ်မှတ် (CBR-7)အထိရရှိပြီး အပေါ်ပိုင်းအလွှာလိုက်ရေဖျန်း၍ စနစ်တကျ ဆောင်ရွက်နေသည့် လမ်းပိုင်းသစ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တိတိကျကျတည်ဆောက်ပေးရန်တို့ကို မှာကြားခဲ့သည်။

မြို့ပတ်ကမ်းနားလမ်းမကြီး(ရှမ်းကလေးကျွန်းနှင့် ရွှေခဲကြား)လမ်းပိုင်း ပြုပြင်ခြင်း အပိုင်း(၁)မှာ အရှည်ပေ ၆၁၀၀၊ အပိုင်း(၂)အရှည်ပေ ၆၁၀၀ ဖြစ်ပြီး လမ်းလယ်ကျွန်းပေ ၂၀ အပါအဝင် လမ်းတစ်ဘက်လျှင် ၂၄ ပေစီ အကျယ်မြေသားတာပေါင်လမ်းနှစ်လမ်း စုစုပေါင်းအကျယ် ၆၈ ပေပေါ်တွင် နိုင်လွန်ကတ္တရာလမ်းတစ်ဖက်လျှင် ၂၁ ပေစီ အသွား၊ အပြန် လမ်းခင်းခြင်းလုပ်ငန်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# နိုင်ငံတကာ အားကစား သတင်းများ

## ပီတာရက်ကော့ဗ်အား လာဇီယိုအသင်း ခေါ်ယူ

**တူရင် ဇန်နဝါရီ ၉**

စီးရီးအေကလပ် လာဇီယိုအသင်းသည် ဆောလ်ဘတ်အသင်း တိုက်စစ်မှူး ပီတာရက်ကော့ဗ်အား ယူရို ၁၃သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လာဇီယိုအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ပီတာရက်ကော့ဗ်သည် ဆောလ်ဘတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားကာ ၂၁ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လာဇီယိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လာဇီယိုအသင်းထုတ်ပြန်ချက်တွင် "ပီတာရက်ကော့ဗ်အား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**



## ဖေဘီယန်ရှား ဆိုးရွားသည့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ



**လန်ဒန် ဇန်နဝါရီ ၉**

နယူးကာဆယ်အသင်း နောက်ခံကစားသမား ဖေဘီယန်ရှား ခြေထောက်ဒဏ်ရာဆိုးရွားခဲ့မှုကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါနောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းက လိဒ်စ်အသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာ ဆိုးရွားစွာရရှိခဲ့ပြီး လူနာတင်ထမ်းစင်ဖြင့် ကွင်းအပြင်သို့ ထွက်ခွာခဲ့ရသည်။

နောက်ခံကစားသမား ဖေဘီယန်ရှား ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဖေဘီယန်ရှားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၉ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ) (NGB)**

## စပိန်စူပါဖလား ဗိုလ်လုပွဲအဆင့်သို့ ရီးရဲလ်မက်ဒရစ်အသင်း တက်ရောက်

**မက်ဒရစ် ဇန်နဝါရီ ၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်စူပါဖလား ဗိုလ်လုပွဲအဆင့်သို့ ရီးရဲလ်မက်ဒရစ်အသင်း တက်ရောက်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်စူပါဖလား ဆီးမီးဖိုင်နယ်အဆင့်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂မိနစ်တွင် ဗယ်ဗာဒီ၊ ပွဲချိန် ၅၅ မိနစ်တွင် ရိုဒရီဂိုတို့က သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်စူပါဖလားဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဇန်နဝါရီ ၁၂ ရက်တွင် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**







## ပြင်သစ်စူပါဖလား ချန်ပီယံဆုအား ပီအက်စ်ဂျီအသင်းဆွတ်ခူး

**ပါရီ ဇန်နဝါရီ ၉**

၂၀၂၅-၂၀၂၆ဘောလုံးရာသီ ပြင်သစ်စူပါဖလား ချန်ပီယံဆုအား ပီအက်စ်ဂျီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်စူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မာဆေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မိနစ် ၉၀ပြည့်သည်အထိ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ပီအက်စ်ဂျီအသင်းက အနိုင်ရယူပြီး ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "အခုလို ပြင်သစ်စူပါဖလား ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## လန်နာ့တ်ကားလ်အား စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် ဇန်နဝါရီ ၉**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းကွင်းလယ်ကစားသမား လန်နာ့တ်ကားလ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "လန်နာ့တ်ကားလ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ) (NGB)**

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/ (နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၁-၂၀၂၆ ည ၉:၀၀ နာရီ | (၁၇)ဟိုင်ဒန်ဟိမ်း - ကိုလုံး(၁၁)<br>(L,W,W,L,L) (D,D,L,L,W) | ဟိုင်ဒန်ဟိမ်း ၄-၁ ကိုလုံး<br>ကိုလုံး ၁-၁ ဟိုင်ဒန်ဟိမ်း<br>၂၀၂၄-၂၅ |
| ,, | (၉)ဖရိုင်းဘတ် - ဟမ်းဘတ်(၁၃)<br>(W,L,W,D,W) (W,L,W,L,D) | ဖရိုင်းဘတ် ၁-၁ ဟမ်းဘတ်<br>ဟမ်းဘတ် ၁-၀ ဖရိုင်းဘတ်<br>၂၀၂၃-၂၄ |
| ,, | (၁၆)စိန့်ပေါ်လီ - လိုက်ပဇစ်(၄)<br>(W,D,W,D,D) (D,W,W,L,L) | စိန့်ပေါ်လီ ၀-၀ လိုက်ပဇစ်<br>လိုက်ပဇစ် ၂-၀ စိန့်ပေါ်လီ |
| ,, | (၈)ယူနီယံဘာလင် - မိန့်ဇ်(၁၈)<br>(L,L,W,W,W) (L,D,D,W,D) | ယူနီယံဘာလင် ၂-၁ မိန့်ဇ်<br>မိန့်ဇ် ၁-၁ ယူနီယံဘာလင် |
| ,, | (၁၀)ဝါဒါဘရီမင် - ဟော်ဖန်ဟိမ်း(၅)<br>(D,L,L,D,D) (D,W,L,W,D) | ဝါဒါဘရီမင် ၁-၃ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၃-၄ ဝါဒါဘရီမင် |
| ၁၁-၁-၂၀၂၆ နံနက် ၀၀:၀၀ နာရီ | (၃)လေဗာကူဆင် - စတုဂတ်(၆)<br>(W,L,D,W,W) (L,W,W,D,W) | လေဗာကူဆင် ၀-၀ စတုဂတ်<br>စတုဂတ် ၃-၄ လေဗာကူဆင် |

## အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/ (ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၀-၁-၂၀၂၆ စနေနေ့ | ည ၁၀:၃၀ နာရီ | အယ်လ်ဂျီးရီးယား - နိုင်ဂျီးရီးယား | အယ်လ်ဂျီးရီးယား ၂-၁ နိုင်ဂျီးရီးယား |
| ၁၁-၁-၂၀၂၆ တနင်္ဂနွေနေ့ | နံနက် ၀၁:၃၀ နာရီ | အီဂျစ် - အိုင်ဗရီကို့စ် | ——— |

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/ (နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၁-၂၀၂၆ ည ၈:၃၀ နာရီ | (၆)ကိုမို - ဘိုလော့ဂ်နာ(၈)<br>(L,L,W,W,W) (W,L,D,L,L) | ကိုမို ၂-၂ ဘိုလော့ဂ်နာ<br>ဘိုလော့ဂ်နာ ၂-၀ ကိုမို |
| ,, | (၁၀)အူဒီးနီစ် - ပီဇာ(၂၀)<br>(W,L,D,L,W) (L,D,L,D,L) | ——— |
| ၁၀-၁-၂၀၂၆ ည ၁၁:၃၀ နာရီ | (၅)ရိုးမား - ဆက်ဆူအိုလို(၁၁)<br>(W,L,W,L,W) (D,L,D,D,L) | ရိုးမား ၁-၀ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၁-၂ ရိုးမား<br>၂၀၂၄-၂၅ |
| ၁၁-၁-၂၀၂၆ နံနက် ၀၂:၁၅ နာရီ | (၇)အတ္တလန်တာ - တိုရီနို(၁၂)<br>(W,W,L,W,W) (W,W,L,W,L) | အတ္တလန်တာ ၁-၁ တိုရီနို<br>တိုရီနို ၂-၁ အတ္တလန်တာ |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/ (နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၁-၂၀၂၆ ည ၇:၃၀ နာရီ | (၂၀)အိုဗီဒို - ဘက်တစ်(၆)<br>(L,D,L,D,D) (W,D,W,W,L) | ——— |
| ၁၀-၁-၂၀၂၆ ည ၉:၄၅ နာရီ | (၃)ဗီလာရီးရဲလ် - အလာဗက်စ်(၁၃)<br>(W,L,L,L,W) (W,L,W,L,D) | ဗီလာရီးရဲလ် ၃-၀ အလာဗက်စ်<br>အလာဗက်စ် ၁-၀ ဗီလာရီးရဲလ် |
| ၁၁-၁-၂၀၂၆ နံနက် ၀၀:၀၀ နာရီ | (၁၇)ဂျီရိုနာ - အိုဆာဆူနာ(၁၂)<br>(L,L,W,L,W) (W,L,W,W,L) | ဂျီရိုနာ ၄-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၂-၁ ဂျီရိုနာ |
| ၁၁-၁-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | (၁၈)ဗလင်စီယာ - အယ်လ်ချီ(၉)<br>(D,L,W,D,L) (W,L,W,W,L) | ဗလင်စီယာ ၂-၂ အယ်လ်ချီ<br>အယ်လ်ချီ ၀-၂ ဗလင်စီယာ<br>၂၀၂၄-၂၅ |

## ညောင်ပင်သာတလင်းကုန်းတွင် တည်ထားသော ဥပ္ပါတသန္တိပုံတူစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၇၁)နေ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ဘုရားဒါယကာကြီး ဆရာကြီး ဦးတင်မောင် + ဘုရားဒါယိကာမကြီး ဆရာမ ဒေါ်ခင်မြမြ၊ (သားကြီး) ဒေါက်တာရဲသူရိန် + ဒေါက်တာသီတဂူအောင်၊ (သမီး) ဒေါက်တာသိန်းထွန်းဆောင် + ဒေါက်တာစန္ဒီမောင်၊ (သားငယ်) ဦးရဲတာရာ+ဒေါက်တာသွဲ့ဦးခိုင်၊ (မြေး)မောင်သာစေညွန်း၊ မောင်ဟိန်းစေညွန်း၊ မမေအင်ကြင်းတာရာ၊ မောင်ဘုန်းသူရိန်ခန့်၊ မမေလဝန်းတာရာ မိသားစုတို့က ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ပင်သာတလင်းကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမာလာအား အမှူးထား၍ ညောင်ပင်သာတလင်းကုန်းကျောင်းတိုက်အတွင်း၌ တည်ထားသော ဥပ္ပါတသန္တိပုံတူစေတီတော်အား ယမန်နေ့ နံနက် ၉ နာရီက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ အခမ်းအနားကို သံဃာတော်များက နဂါးရုံဘုရားအား အနေကဇာတင်လှူပူဇော်ပြီး အလှူရှင်မိသားစုတို့က သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။ ဆက်လက်ပြီး သူရိန်နန်း ဓမ္မဗိမာန်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မင်္ဂလာအချိန်တွင် တာဝန်ရှိသူ အသီးသီးတို့က ပင့်ဆောင်ပြီး စေတီတော်ကြီးကို လက်ယာရစ် သုံးပတ်လှည့်လည်ပင့်ဆောင်ပြီးနောက် အလှူရှင်မိသားစုက ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား အောင်သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပူဇော်၍ "ရွှေနဝင်း"ရထားပုံဖြင့် ရွှေထီးတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပြီး သံဃာတော်များက စေတီတော်ကြီးအား အနေကဇာ တင်လှူကြသည်။

ထို့နောက် သူရိန်နန်းဗိမာန်တော်အတွင်း၌ အလှူရှင်မိသားစုနှင့် ဧည့်ပရိသတ်တို့အား ဆရာတော်က ငါးပါးသီလနှင့် ရေစက်သွန်းချအမျှအတန်းများ ပေးဝေပြီး သံဃာတော်များအား အလှူရှင်မိသားစုတို့က လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြပြီး ကြွရောက်လာကြသော ဧည့်သည်တော်များကို နေ့လယ်စာ ထမင်းဖြင့် တည်ခင်းဧည့်ခံကြကြောင်း သိရသည်။ **(ဝ၄၆)**

## မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ ကျင်းပ

**ပင်လုံ ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘက်စုံခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူးနှင့် စီမံအရာရှိများ၊ မော်ကွန်းထိန်းများနှင့် မောင်မယ်သစ်လွင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူး)များက ဝိဇ္ဇာ၊သိပ္ပံဘာသာရပ်များကိုလည်းကောင်း၊မော်ကွန်းထိန်း(သင်တန်းရေးရာ)က ကျောင်းသားရေးရာကိစ္စရပ်များကိုလည်းကောင်း မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လူကုန်ကူးမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ယူနတီကိုယ်ပိုင်အထက်တန်းကျောင်း၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်၍ လူကုန်ကူးမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းက စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေး ဟောပြောပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာအုပ်၊ စာပေဖတ်ရှုခြင်းဖြင့် ကြောင်းကျိုးဝေဖန်ဆုံးဖြတ်နိုင်သည့်အတွက် လူကုန်ကူးမှု မခံရသည့်အပြင် ကျောင်းသားလူငယ်များအပေါ် ကျရောက်မည့် ဘေးအန္တရာယ်များမှလည်း ကြိုတင်ကာကွယ်နိုင်ကြောင်း အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ပြည့်ပြည့်က လူကုန်ကူးမှုများနှင့် ပတ်သတ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှု၊ပြစ်ဒဏ်များအကြောင်းနှင့် ကျောက်ဆည်မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဝင်းဝင်းဌေးက လူကုန်ကူးမှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများနှင့် လူကုန်ကူးမှုမခံရစေရေးအတွက် ရှောင်ရှားနိုင်သည့် နည်းလမ်းများအကြောင်း အသီးသီး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(၄၈၅)**



**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ॥**



ဖတ်စရာ၊ မှတ်စရာ
ခုံလင်
မန္တလေး

## စာဆိုရှင်

* မိုးရေ ၊ ချောင်းရေ ၊ ပေါင်းစုဝေ၍
ဆည်မြေတုတ်တား ၊ သိုလှောင်ထားလျက်
မြောင်းလက်တက်ငယ် ၊ သွယ်ယုက်ဖြန့်ဝေ
သောက်သုံးရေနှင့် ၊ လယ်ယာမြေကွက်
ဥယျာဉ်စက်ဝေ ၊ စိမ်းစိုစေဖို့
ပေးဝေစီးပြန် ၊ အောင်ရေလှုံသည့်
ဆည်တမံ ။

* သုတ ၊ ရသ ၊ ဓမ္မပညာ
လောကကောင်းဆိုး ၊ သူ ထုပ်ပိုး၍
ချိန်ထိုးယှဉ်ကာ ၊ ဆည်ပမာလျှင်
ပညာအသိ ၊ ကိုယ်တွေ့ညှိလျက်
ထိမိခံစား ၊ နှလုံးသားမှ
ထွေပြားရသ ၊ ပေးဝေသည်
သူ တွေးစီရာ ၊ တေးလင်္ကာနှင့်
သူ ရေးသီရာ ၊ ရတနာမို့
သူ့အားလေးစား ၊ ဦးထိပ်ထား၍
ညွတ်တွားမိပြန် ၊ ကောင်းကင်ယံက
စေတမန် ။ ॥

ဦးခေ

## ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဆင်းပွဲ ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဆင်းပွဲကို ယမန်နေ့က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(ကျိုင်းတုံ)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်(၂) ဦးမင်းညိုက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ကျိုင်းတုံ)ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထွဋ်ဦးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်ကြပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*- *- *- *- *- *- *

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၇၁)၊ ဦးပိုင်အမှတ်(၂၅-ဘ) မြေကွက်ပေါ်တွင် ဒေါ်ချယ်ရီလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/လသယ(နိုင်)၀၁၉၆၅၀)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်နေ (ဘ)ဦးခင်မောင်အေး၏သမီး ဒေါ်မေသက်ထား(၉/မနတ(နိုင်)၀၅၄၉၈၉)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၇)၊ ဦးပိုင်အမှတ်(၄၉-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၁၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ (ဘ)ဦးဖိုးပါ၏သမီး ဒေါ်အေးငြိမ်းသူ(၉/မဟမ(နိုင်)၀၃၅၇၃၄)ထံမှ ဒေါ်မေသက်ထားက လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သူစာနွေး(LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ခင်ခင်မျိုးရွှေ(LL.B)** **ဒေါ်အိမ့်ရတီမိုး(LL.B)**

**(အထက်တန်းရှေ့နေများ)**

**၂၇လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Email-tzshwe41@gmail.com ဖုန်း ၀၉-၄၀၂၆၆၃၃၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၃)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်ဋ္ဌေး (ဘ)ဦးစော(၉/မနတ(နိုင်)၀၂၇၀၆၃) အမည်ဖြင့်ချထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း (ဘ)ဦးလှစံ(၁/မကန(နိုင်)၀၉၆၇၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc , PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၁၄၈-ခ)၊ ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ဦး (ဘ)ဦးချစ်မောင်(MDYNE-၀၂၅၇၈၁၊ ၉/မနမ(နိုင်)၁၇၂၃၄၁)အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းဆွေ (ဘ)ဦးသန်း(၉/မရမ(နိုင်)၀၄၃၇၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc , PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A) လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်စိုးအောင် (ဘ)ဦးပန်(၅/ငဇန(နိုင်)၀၃၇၁၉၃) အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကေကေယုကျော် (ဘ)ဦးကျော်စိုးဝင်း(၈/ပခက(နိုင်)၁၉၇၀၉၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc , PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-စ)၊ ဦးပိုင်နံပါတ်(၄၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၇၄၄)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်ဝင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မျိုးအောင် (ဘ)ဦးညွန့်အောင်(၅/ရဘန(နိုင်)၁၀၅၃၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်နံပါတ်(၂၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်မွေး အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အသီးသီးဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဘိုအေး (ဘ)ဦးသန်းမောင်(၉/မနတ(နိုင်)၀၂၈၉၉၂)နှင့် ဦးကျော်မျိုးထွန်း (ဘ)ဦးစိန်ဝင်း(၈/ရစက(နိုင်)၁၉၅၉၅၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်နံပါတ်(၃၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ခင်စိုး အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝင်းမာ (ဘ)ဦးထွေး(၉/မရတ(နိုင်)၀၅၀၁၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်နံပါတ်(၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးမောင် အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဆွေ (ဘ)ဦးခင်မောင်(၉/မရမ(နိုင်)၀၃၁၇၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ ငြိမ်းချမ်းရေးဆိုတာပုံမှန်သတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့ အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှုတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီတာဝန်ရှိကြတာပဲဖြစ်ပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်- Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် Myanmar Tradenet 2.0 စနစ်မှ လျှောက်ထားလာသော ပို့ကုန်လိုင်စင်များကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် စောင်ရေနှင့် ပမာဏအတိုင်း အပြည့်အဝမှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေလျှော့ပေးထားပြီးဖြစ်ရာ သတ်မှတ်ထားသည့်ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေးဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

### အများအားဖြင့် သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မိုး/ဇလ

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံအားလုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိတရားမဝင် အဆောက်အအုံနှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၂) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၆၂ လုံးရှိရာ ယနေ့တွင် နောက်ဆုံးကျန်ရှိသည့် တရားမဝင် လေးထပ်အဆောက်အအုံနှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သည်။ သို့ဖြစ်၍ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အပိုင်း(၁)နယ်မြေမှ တရားမဝင် အဆောက်အအုံ ၁၄၈ လုံး၊ အပိုင်း (၂) နယ်မြေမှ တရားမဝင် အဆောက်အအုံ ၆၂ လုံးနှင့် အပိုင်း (၃)နယ်မြေမှ တရားမဝင် အဆောက်အအုံ ၄၂၅ လုံး စုစုပေါင်း ၆၃၅ လုံးတို့ကို ဖောက်ခွဲဖျက်ဆီး၍သော်လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍သော်လည်းကောင်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံ ပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ KK Park အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ အနက် ယနေ့တွင် နှစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၂၀ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံဖျက်ဆီးရန် ကျန်ရှိနေသည့် အဆောက်အအုံများကိုလည်း လေအိုးမီးအိုးများဖြင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း(၂)အား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း (၁) အား ဖောက်ခွဲဖျက်ဆီးမဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ်အဖြစ် နည်းစနစ်ဒါရိုက်တာ တက်ဆူရှိ ယူကီအား ခန့်အပ်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်ယူနိုက်တက်အသင်းသည် လစ်လပ်လျက်ရှိသော နည်းပြချုပ်ရာထူးတွင် အသင်း၏ နည်းစနစ်ဒါရိုက်တာဖြစ်သူ တက်ဆူရှိယူကီအား ခန့်အပ်လိုက်ပြီဖြစ်သည်။

ယူကီသည် ၂၀၂၆ ခုနှစ် အစပိုင်းမှစ၍ ရန်ကုန်ယူနိုက်တက်အသင်းနှင့် နည်းစနစ်ဒါရိုက်တာအဖြစ် စတင်လက်တွဲခဲ့သူဖြစ်ပြီး ယခုအခါ အသင်းနည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

တက်ဆူရှိယူကီက "သမိုင်းအစဉ်အလာကောင်းမွန်ပြီး အောင်မြင်မှုများဖြင့် ပြည့်စုံနေသည့် အသင်းတစ်သင်းတွင် နည်းပြချုပ်အဖြစ် တာဝန်ယူရခြင်းအတွက် အလွန်ဂုဏ်ယူမိပါတယ်။ နည်းပြချုပ်တစ်ဦးအနေဖြင့် အသင်း၏ ချန်ပီယံရည်မှန်းချက်များ အောင်မြင်နိုင်ရန် အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားပါမယ်။ ဒီမှာရှိတဲ့ ကစားသမားများ၊ ဝန်ထမ်းများနှင့် တစ်ဖွဲ့ထဲ လက်တွဲလုပ်ကိုင်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်" ဟု ပြောသည်။

(NGB)

